ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၂၈ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးကျော်မင်းထွန်း (အထွေထွေမန်နေဂျာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Best Blended Beverages Co.,Ltd<br>ကွင်းအမှတ် (၄၈၆)၊ ဦးပိုင်အမှတ် (၁၈/၄)၊ အေးသုခကျေးရွာ၊ မအူတန်းကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)။ ဖုန်း- ၀၉ ၅၃၈၀၀၂၀၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - အရက်ချက်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - မြေဧရိယာ (၃.၅၂) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ကွင်းအမှတ် (၄၈၆)၊ ဦးပိုင်အမှတ် (၁၈/၄)၊ အေးသုခကျေးရွာ၊ မအူတန်းကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂၂-၈-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၂၁-၈-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - Best Blended Beverages Co.,Ltd၏ ၁၇-၅-၂၀၂၄ ရက်စွဲပါ စာအမှတ် BBB/EMP(၀၃/၂၀၂၄)ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"** |



၁၁.၁၀.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Best Blended Beverages Co.,Ltdမှ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မအူတန်းကျေးရွာအုပ်စု၊ အေးသုခကျေးရွာ၊ ဦးပိုင်အမှတ် (၁၈/၄)၊ ကွင်းအမှတ် (၄၈၆)ရှိ မြေဧရိယာ (၃.၅၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေဟသာအရက်ချက်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Best Blended Beverages Co.,Ltdမှ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မအူတန်းကျေးရွာအုပ်စု၊ အေးသုခကျေးရွာ၊ ဦးပိုင်အမှတ် (၁၈/၄)၊ ကွင်းအမှတ် (၄၈၆)ရှိ မြေဧရိယာ (၃.၅၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေဟသာအရက်ချက်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၂ -၅ -၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ (၁၄၅၈/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း Earth Tree Environmental Services Co., Ltdမှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate– ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးကျော်မင်းထွဋ်၊ အထွေထွေမန်နေဂျာ၊ Best Blended Beverages Co.,Ltd၊ ကွင်းအမှတ် (၄၈၆)၊ ဦးပိုင်အမှတ်(၁၈/၄)၊ အေးသုခကျေးရွာ၊ မအူတန်းကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဖုန်း-၀၉ ၅၃၈၀၁၂၀၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့် အနေဖြင့် စက်မှုသုံးဆန်ကွဲများအား ပေါင်းအိုးများထဲသို့ ကုန်ကြမ်းများ ကော်ရည်ကျိုရန် ထည့်သွင်းခြင်း၊ ကော်ရည်ကျိုခြင်း၊ ကော်ရည်ကျိုရာမှ ထွက်ရှိလာသော ကော်ရည်များကို စိမ်ရည်ကန်များအတွင်း အချိုးကျဖောက်ခြင်းနှင့် တစေးထည့်စိမ်ရည် ဖောက်ခြင်းလုပ်ငန်း တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းမှ ရရှိလာသော စိမ်ရည်အရက်များအား အရက်ချက် ကော်လံများတွင် အဆင့်ဆင့်ဖြင့် အရက်ချက်လုပ်ခြင်း၊ ထွက်ရှိလာသော အရက်ကုန်ချောများအား ပိုက်လိုင်းများဖြင့် ကုန်ချောလှောင်ကန်အတွင်းသို့ ပို့ဆောင်ခြင်း၊ စက်ရုံအတွင်းမှ ထွက်ရှိလာသော အရက်ကုန်ချောများအား သိုလှောင်ခြင်းနှင့် ရောင်းချခြင်းတို့ဆောင်ရွက်ကြောင်း၊ ကုန်ချောထွက်ရှိမှုအနေဖြင့် တစ်ရက်လျှင် ပျမ်းမျှ (၆,၅၀၀-၇,၀၀၀) ဂါလန်ခန့်၊ တစ်နှစ်လျှင် ပျမ်းမျှ (၂,၁၀၀,၀၀၀) ဂါလန်ခန့် ထုတ်လုပ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းသည် ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် စက်မှုသုံးဆန်ကွဲများ ကို ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဖြူး၊ သနပ်ပင်၊ ဇေယျာဝတီ၊ တောင်ကြွာအင်း၊ တောင်ငူ အစရှိသော မြို့နယ်များမှ အချိန်အခါမရွေး ဝယ်ယူရရှိပြီး တစ်ရက်လျှင် (၇၈) တန်ခန့် အသုံးပြုကြောင်း၊ စက်ရုံလည်ပတ်ရန်အတွက် ရေကို စက်ရုံအတွင်း ၄ လက်မတွင်း (၃) တွင်းမှ ရယူပြီး တစ်ရက်လျှင် (၁,၀၆၆) ဂါလန်ထုတ်ယူသုံးစွဲကြောင်း၊ ရေခန်းခြောက်သည့် ရာသီများ၌ စက်ရုံအထက်ရှိ ပျဉ်ပုံဆည်မှ ရေကို ရယူအသုံးပြုကြောင်း၊ စွန့်ပစ်ရေများကို စက်ရုံ အပြင်ဘက်သို့

စွန့်ပစ်ခြင်းမပြုဘဲ စက်ရုံအတွင်းတွင် စနစ်တကျသန့်စင်ပြီး ပြန်လည်အသုံးပြုကြောင်း၊ ဝန်ထမ်းများ ရေသုံးစွဲမှုမှာ (၁၀၀) ဂါလန်ခန့် ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်ဖြန့်ဖြူးရေး လုပ်ငန်းမှ (၅၀၀) KVA ထရန်စဖော်မာ ဓာတ်အားခွဲရုံမှ ရယူအသုံးပြုကြောင်း၊ စွန့်ပစ်ရေသန့်စင်သည့်စနစ် အတွက် ထပ်မံ၍ (၄၀၀) KVA ထရန်စဖော်မာ တပ်ဆင်ထားရှိကြောင်းနှင့် အရန်စွမ်းအင်အဖြစ် (၅၀၀) KVA ဒီဇယ်လောင်စာသုံး မီးစက်ကြီး (၂) လုံး တပ်ဆင်ထားရှိကြောင်း၊ တစ်နှစ်လျှင် ယူနစ် (၇၅၀,၀၀၀) ခန့် သုံးစွဲကြောင်း၊ လုပ်ငန်းလည်ပတ်ရန်အတွက် စုစုပေါင်း ဝန်ထမ်းဦးရေ (၁၀၀) ဦးဖြင့် ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မအူတန်းကျေးရွာအုပ်စု၊ အေးသုခကျေးရွာ၊ ဦးပိုင်အမှတ် (၁၈/၄)၊ ကွင်းအမှတ် (၄၈၆)ရှိ မြေဧရိယာ (၃.၅၂) ဧကပေါ်တွင် တည်ရှိပါသည်။

Best Blended Beverages Co.,Ltdမှ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မအူတန်းကျေးရွာအုပ်စု၊ အေးသုခကျေးရွာ၊ ဦးပိုင်အမှတ် (၁၈/၄)၊ ကွင်းအမှတ် (၄၈၆)ရှိ မြေဧရိယာ (၃.၅၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေဟင်္သာအရက်ချက်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



## Best Blended Beverages Co.,Ltdမှ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ မအူတန်းကျေးရွာအုပ်စု၊ အေးသုခကျေးရွာ၊ ဦးပိုင်အမှတ် (၁၈/၄)၊ ကွင်းအမှတ် (၄၈၆)ရှိ မြေဧရိယာ (၃.၅၂) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေဟသာအရက်ချက်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart

အဆင့် (၁) ကုန်ကြမ်း ဆန်ကွဲ ရယူခြင်း

↓

အဆင့် (၂) ပေါင်းအိုးများထဲသို့ ကုန်ကြမ်းများ ကော်ရည်ကျိုရန်ထည့်သွင်းခြင်း

↓

အဆင့် (၃) ပေါင်းအိုးများအတွင်းကော် ရည်ကျိုခြင်း

↓

အဆင့် (၄) ကော်ရည်ကျိုရာမှ ထွက်ရှိလာသောကော်ရည်များကို စိမ်ရည်ကန်များအတွင်း အချိုးဖောက်ခြင်းနှင့် တဆေးထည့်စိမ်ရည် ဖောက်ခြင်း လုပ်ငန်း တပြိုင်တည်းဆောင်ရွက်ခြင်း

↓

အဆင့် (၅) အချိုးဖောက်ခြင်းနှင့် တဆေးထည့်စိမ်ရည်ဖောက်ခြင်းလုပ်ငန်း တပြိုင်တည်း ဆောင်ရွက်ခြင်းမှရရှိလာသော စိမ်အရည်များအားအရက်ချက် ကော်လံများတွင်အဆင့်ဆင့်ဖြင့် အရက်ချက်လုပ်ခြင်း

↓

အဆင့် (၆) အရက်ချက်ကော်လံအဆင့်ဆင့်မှ ထွက်ရှိလာသော အရက်ကုန်ချောများအားပိုက်များဖြင့် သယ်ယူခြင်း

↓

အဆင့် (၇) အရက်ကုန်ချောများအား ပိုက်လိုင်းများဖြင့် ကုန်ချောလှောင်ကန်အတွင်းသို့ ပို့ဆောင်ခြင်း

↓

အဆင့် (၈) စက်ရုံအတွင်းမှထွက်ရှိလာသော အရက်ကုန်ချောများအားသိုလှောင်ခြင်းနှင့် ရောင်းချခြင်း

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူသည် Best Blended Beverages Co.,Ltdမှ ရွှေဟသာအရက်ချက်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၁-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ (၁၄၅၈/၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း**။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်**။ အဆိုပြုစီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် စက်မှုသုံးဆန်ကွဲများအား ပေါင်းအိုးများထဲသို့ ကုန်ကြမ်းများကော်ရည်ကျိုရန် ထည့်သွင်းခြင်း၊ ကော်ရည်ကျိုခြင်း၊ ကော်ရည်ကျိုရာမှ ထွက်ရှိလာသောကော်ရည်များကို စိမ်ရည်ကန်များအတွင်း အချိုးကျဖောက်ခြင်းနှင့် တစေးထည့်စိမ်ရည်ဖောက်ခြင်းလုပ်ငန်း တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းမှ ရရှိလာသော စိမ်ရည်အရက်များအား အရက်ချက်ကော်လံများ အဆင့်ဆင့်ဖြင့် အရက်ချက်လုပ်ခြင်း၊ ထွက်ရှိလာသောအရက်ကုန်ချောများအား ပိုက်လိုင်းများဖြင့် ကုန်ချောလှောင်ကန်အတွင်းသို့ ပို့ဆောင်ခြင်း၊ စက်ရုံအတွင်းမှ ထွက်ရှိလာသော အရက်ကုန်ချောများအား သိုလှောင်ခြင်းနှင့်ရောင်းချခြင်းတို့ဆောင်ရွက်ကြောင်း၊ ကုန်ချောထွက်ရှိမှုအနေဖြင့် တစ်ရက်လျှင် ပျှမ်းမျှ (၆,၅၀၀-၇,၀၀၀) ဂါလန်ခန့်၊ တစ်နှစ်လျှင် ပျှမ်းမျှ (၂,၁၀၀,၀၀၀) ဂါလန်ခန့် ထုတ်လုပ်ကြောင်းဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဧရိယာအတွင်း ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ဘွိုင်လာမှ ထွက်ရှိသော စပါးခွံအမှုန်များ အနီးဝန်းကျင်သို့ ပျံ့လွင့်မှုမရှိစေရန်စက်ရုံအတွင်း ရေဖျန်းခြင်းများလုပ်ဆောင်ပြီး အမှုန်များမထွက်အောင်ဆောင်ရွက်ရန်၊

(၃) ဘွိုင်လာခေါင်းတိုင်အမြင့်သည် ၈၀ ပေ ထားရှိပြီး ပြာမှုန်များ လွင့်စင်ခြင်း

လျော့နည်းစေရေးအတွက် ဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းအိမ်ရာများမှ ထွက်ရှိသည့် အထွေထွေသုံးစွန့်ပစ်ရေများအား စနစ်တကျ စွန့်ပစ်ရန်၊

(၂) စွန့်ပစ်ရေများကို အဆင့်ဆင့် Waste Water Treatment Plant အတွင်း စနစ်တကျ သန့်စင်ပြီးသောရေများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတွင်းတွင်ရှိစေပြီး သန့်စင်မှုများ ပြုလုပ်ဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းအတွက် အသုံးပြုမည့် စက်ပစ္စည်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၂) စက်ရုံအတွင်းသို့ ဝင်ထွက်သွားလာသော ကားများကြောင့် အသံဆူညံမှုများ မဖြစ်ပေါ်အောင် စနစ်တကျလုပ်ဆောင်ရန်၊

(၃) ဘွိုင်လာမှ ထွက်ရှိသော ဆူညံသံများကြောင့် ဝန်ထမ်းများ မထိခိုက်စေရန် အတွက် အကြားအာရုံကာကွယ်သော ပစ္စည်းများကို ဝန်ထမ်းများအား ထောက်ပံ့ခြင်းများ ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှထွက်ရှိသော အထွေထွေစွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊

(၂) အရက်ချက်လုပ်ရာမှ ထွက်ရှိသော Sludge cake များအား ထုပ်ပိုး၍ ရေဝတီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကန်များသို့ ငါးစာအဖြစ် ပြန်လည်ရောင်းချရန်၊

(၃) ဝန်ထမ်းအိမ်ရာများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ခွင့်ပြုသည့်နေရာများတွင် စွန့်ပစ်ရန်။

(ဆ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ ကျန်းမာရေးလုပ်ငန်း အကောင်အထည်ဖော်ရေး စီမံချက်များ၊ စက်ရုံတွင် လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်ကို အရေးပေါ်အခြေအနေများ ဖြစ်ပွားခြင်း၊ မတော်တဆထိခိုက်မှုများဖြစ်ပွားခြင်း၊ ထူးခြားဖြစ်စဉ် ဖြစ်ပွားခြင်း

များဖြစ်လျှင် ဆောင်ရွက်ရမည့်အရာများအား ကြိုတင်လေ့ကျင့်သင်တန်းပေးခြင်း၊ ပညာပေးဟောပြောခြင်း စသည်တို့ကို ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကာအကွယ်ပစ္စည်းများ ဝတ်ဆင်၍ ကြာရှည်စွာ တာဝန်ထမ်းဆောင်စေခြင်း မပြုဘဲ နေရာလဲလှယ်တာဝန်ပေးခြင်းဖြင့် ဆောင်ရွက်ရန်၊

(၃) လုံလောက်သော အမှိုက်ပုံးများ ထားရှိရန်။

(၈) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအတွင်း မီးသတ်ဆေးဘူး၊ မီးသတ်စနစ်နှင့် မီးသတ်ရေကန်များအား အဆင်သင့်ဆောင်ရွက်ရန်၊

(၂) အရေးပေါ်ထွက်ပေါက်များနှင့် စုရပ်များအား သတ်မှတ်ထားရှိရန်နှင့် အရေးပေါ်ထွက်ပေါက်လမ်းညွှန်များ၊ မီးအတွက်ပစ္စည်းများအား ပိတ်ဆို့ခြင်း မရှိအောင် ဆောင်ရွက်ရန်၊

(၃) မီးသတ်ဆေးဘူးများ၊ မီးသတ်ရေကန်များအား မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရန်၊

(၄) အရေးပေါ်မီးသတိပေးသည့် အချက်ပေးစနစ်အား စက်ရုံတွင် တပ်ဆင်ရန်၊

(၅) မီးငြိမ်းသတ်ကိရိယာများကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၆) လျှပ်စစ်မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် လျှပ်စစ်မီးကြိုးများအား စနစ်တကျ သွယ်တန်းထားရှိရန်၊

(၇) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)အား လိုက်နာဆောင်ရွက်ရန်၊

(၈) မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဈ) **အနံ့အရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရက်ချက်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်အရည်များနှင့် အဖတ်များ၏ အနံ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(၂) အနံ့အရည်အသွေးစီမံခန့်ခွဲမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အတွင်းရှိစေပြီး လိုက်နာဆောင်ရွက်ရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ $SO_2$, $NO_2$, $O_3$, $PM_{10}$, $PM_{2.5}$, စသည့် ပါရာမီတာတို့အား စက်ရုံဝင်းခေတ်ခွဲခန်းအရှေ့တွင် တစ်နှစ်လျှင် (၂)ကြိမ် စောင့်ကြပ်ကြည့်ရှု

သွားရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ pH, DO, BOD, COD, TSS, Ammonia, Arsenic, Total Cyanide, Total Iron, Oil and Grease, Phenols, Sulphide စသည့် Parameters တို့အား စွန့်ပစ်ရေနောက်ဆုံး ထွက်သည့် ရေကန် (၆) ကန်တွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၃) ဆူညံသံနှင့်ပတ်သက်၍ စက်ရုံဝင်းခတ်ခွဲခန်းအရှေ့တွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဘွိုင်လာနှင့် ဆန်ကွဲဂိုထောင်နားတွင် တစ်ပတ်လျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုသွားရန်၊

(၅) အနံ့အရည်အသွေးနှင့်ပတ်သက်၍ စက်ရုံရုံးခန်းအရှေ့တွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုသွားရန်။

(ဠ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဋ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ်ကို လုပ်ငန်းလည်ပတ်သည့်ကာလအတွက် ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၅,၂၀၀) ခန့်အား လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) လုပ်ငန်းပိတ်သိမ်းသည့်အစီအစဉ်တွင် အသုံးပြုရန်အတွက် ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၁၀,၃၀၀) ခန့်အား လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) ရာခိုင်နှုန်းအား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား တိုးတက်စေရေးအတွက် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ် များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာ သော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ် ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော

စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ် နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လေအရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင် ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်း

ချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများ အတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော

ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) **စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-**

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာ

တွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်နိုင်မှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီ အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြု သူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာ ဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်း ခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှု များအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု

သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီ အစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံ အဖြစ်အသုံးပြုသည့် ဆန်းစစ် လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရ မည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှု များရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုး လုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်း ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူ ထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြ ရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်

လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ ရဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည် သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက် အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း

သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

## ၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင် ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

-----------------------------------------------------